တောင်ကြီးကျေးရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ကြီးကျေးရွာ၊ မြိတ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဧပြီလ

မာတိကာ

မာတိကာ

စကားချီး

တောင်ကြီးကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း (ရှိလျှင်)

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း

(စ) ခရီးသွားလုပ်ငန်း (ရှိလျှင်)

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (၁)

စီမံချက်အဆိုပြုလွှာ (၂)

စီမံချက်အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ကြီးကျေးရွာ

မြိတ်မြို့နယ်


တောင်ကြီးကျေးရွာ သယ်ဇာတပြမြေပုံ၊ မြိတ်မြို့နယ်



တောင်ကြီးကျေးရွာ Seasonal Calendar



တောင်ကြီးကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တောင်ကြီးကျေးရွာသည် အင်္ဂမော်ကျေးရွာအုပ်စုတွင် ပါဝင်ပြီးမြိတ်မြို့နယ်၏ အနောက်တောင်ပိုင်း၊ မြောက်လတ္တီကျူ ၁၂°၂၂' ၁၉"နှင့် ၉၈°၄၃' ၃၅" အကြား၊အရှေ့လောင်ဂျီကျူ၁၂°၂၂' ၁၉" နှင့် ၉၈°၄၄' ၄၈" အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၃.၅)မိုင်နှင့် တောင်မှမြောက်သို့ (၁.၆)မိုင်ရှည်လျားပါသည်။ တောင်ကြီးကျေးရွာ၏ အရှေ့ဘက်တွင် စလွန်းကျေးရွာအုပ်စု၊ တောင်ဘက်တွင် တနင်္သာရီမြစ်၊ အနောက်ဘက်တွင်ပြင်းငယ်ကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ပသောင်းကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ တောင်ကြီးကျေးရွာတွင် တောင်ကုန်းတောင်တန်းများရှိပြီး တောင်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာရှိပါသည်။ တောင်ကြီးကျေးရွာသည် မြစ်ချောင်းများရှိသည့် ဒေသတစ်ခု ဖြစ်ပြီး ထင်ရှားသည့်မြစ်မှာ တနင်္သာရီမြစ်ရှိပြီး မြစ်ချောင်းအများစုမှာ ရေငန်များ ဖြစ်ပါသည်။ အဆိုပါမြစ်များမှ အခြားကျေးရွာအုပ်စုများသို့ စက်လှေငယ်များဖြင့် သွားလာ နိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ကြီးကျေးရွာသည် ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း ရာသီဥတုကို (၃)မိုးလုံးကိုရရှိပြီး သဘာဝအရင်းအမြစ်များမှာ သဘာဝအလျောက် ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကညင်၊ ဥပယ်၊ လေသရက်၊ တောရှောက်မြစ်၊ တကူ၊ သစ်ယာ၊ ပိတောက်၊ သင်္ကန်းနှင့်အခြားသစ်မျိုးများ ပေါက်ရောက် ပါသည်။ဆေးဖက်ဝင်အပင်များရှိသည့်အတွက် ဆေးဥယျာဉ်အဖြစ်သတ်မှတ်ထားသည့်နေရာ လည်းရှိပါသည်။ ဒီရေရောက်တောတွင် ဗြူး(ပရုန်း)ပင်၊ ကဗြိုင်ပင်၊ ပင်လယ်အုန်း စသည့် အပင်များပေါက်ရောက်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောကြောင်၊ သင်းခွေချပ်၊ ဂျို၊ တောဝက်၊ တောကြက်၊ မျောက်အမျိုးမျိုးတို့ အနည်းငယ် တွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ

တောင်ကြီးကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာ၏လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျောင်းအကျိုးတော ်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ ကျောင်းကျန်းမာရေးအဖွဲ့၊အိမ်ထောင်ငယ်အဖွဲ့နှင့် မိန်းမကြီးအဖွဲ့ စသည်ဖြင့် အဖွဲ့အစည်း များကို ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သား

များ ကိုယ်တိုင်ပူးပေါင်း ပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားပါမည်။ ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းဖြစ်သည့် Vission Fudand Korea Hanarအဖွဲ့များရှိသည့် အတွက် အခြားသော ကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးနေသည့် ကျန်ရှိသော အဖွဲ့များအား ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေ ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

တောင်ကြီးကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါး၊ ကွမ်းသီးဖြစ်ပြီး သီဟိုဠ်ကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီလွှာများ ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ထုတ်လုပ်မှု ဖြစ်ပေါ်လျက် ရှိပါသည်။ ဆင်းရဲသားတောင်သူအများစုသည်လယ်ယာသုံး စက်ကိရိယာ ပိုင်ဆိုင်မှု နည်းသည့်အတွက် ငှားရမ်းလုပ်ကိုင်ကြပါသည်။ သီးနှံထုတ်လုပ်မှု အတွက် အဓိကပြဿနာမှာ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုအများဆုံးဖြစ်ပေါ်ပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့် နေရာများအား ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက် ရှိပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

တောင်ကြီးကျေးရွာတွင် နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဘဲ များကို တစ်နိုင် တစ်ပိုင်မွေးမြူကြပါသည်။ အများစုမှာ ကြက်၊ ဝက်၊ တို့ကို မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း ဈေးကောင်း မရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်လျက်ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့် နည်းပညာဆိုင်ရာ ဗဟုသုတ တိုးတက်လာစေရန် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ လုပ်ဆောင်ပေးနိုင်ပါက စီးပွားဖြစ်မွေးမြူလာနိုင်ကြပါမည်။ ကျေးရွာတွင် ကမ်းနီးငါးဖမ်း လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။

မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ သွင်းအားစုများ၊ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင်ပါသည်။ အခက်အခဲများမှာ စားကျက်မြေ ရှားပါးခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ခြင်း၊

သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှု များတွင်လည်း ဈေးကွက်မမီခြင်းများ ရှိနေပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့် နေရာများနှင့်ကာလရှည် ချေးငွေထုတ်ချေးပေးနိုင်မည့် အစီအစဉ်များ ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။

(ဂ) ငါးလုပ်ငန်း

တောင်ကြီးကျေးရွာမှ အိမ်ထောင်စုများသည် ကျေးရွာတွင်ရှိသော မြစ်ချောင်း အတွင်းမှဖောင်၊စန္ဒားများဖြင့်ကမ်းနီးငါးဖမ်းလုပ်ငန်းကိုသာလုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်း လုပ်ငန်းမှ သားငါးများသည် ကျေးရွာ၏စားနပ်ရိက္ခာဖူလုံမှု အတွက်သာမက အခြား ကျေးရွာများသို့ ရောင်းချခြင်းများလည်းရှိပါသည်။ အချို့အိမ်ထောင်စုများသည် မြိတ်မြို့တွင်ရှိသည့် ကမ်းဝေးငါးဖမ်းလှေများတွင် လှေလုပ်သားအဖြစ် လုပ်ကိုင်သူများ လည်း ရှိပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

တောင်ကြီးကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်း တို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည်ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များ သယ်ယူပို့ဆောင်စရိတ်ကြီးမားသောကြောင့် အသားတင် အမြတ်ငွေ နည်းပါးပါသည်။ ထို့ကြောင့် ဆန်စပါးများရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိဆန်ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ကြီးကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၅%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက်

လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က)ကျေးလက် သယ်ယူပို့ဆောင်ရေး

တောင်ကြီးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများနှင့်ကားများကိုသာ အဓိကထားအသုံးပြုကြပါသည်။မြိတ်-တနင်္သာရီကားလမ်းမကြီးဖောက်လုပ်ပြီးစီးသည့်အချိန်မှစ၍ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့်ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်လာသည့် အခါ အခက်အခဲများဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း၊ ကျောက်ချောလမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင်သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်လိုခြင်း၊ ကျေးရွာတွင် ကွန်ကရစ်တံတား(၁)စင်းရှိပြီး အရည်အသွေးမှာ ကောင်းမွန်လျက်ရှိပါသည်။ ရေပြွန် (၄)စင်း ရှိပါသည်။ အရည်အသွေးမှာအသင့်အတင့်သာကောင်းပါသည်။

(ခ)ကျေးရွာ မီးလင်းရေး

တောင်ကြီးကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် ဆိုလာမီးသုံးစွဲမှုအိမ်ခြေမှာ (၅၃)အိမ်ခန့်ရှိ၍ အိမ်ခြေ(၁၈)သည် လျှပ်စစ်မီး အသုံးမပြုနိုင်ကြပါ။ ဒီဇယ်အင်ဂျင်မီးဖြင့် မီးလင်းမှုရရှိသည့်အိမ်ခြေ(၇၇)အိမ် ရှိပါသည်။ လျှပ်စစ်မီးရရှိပါ ကကျေးရွာအတွင်းကျောင်းသား/သူများ၏ ပညာရေး ကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီ ချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်း များဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်တို့ကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တောင်ကြီးကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၃၄) လုံး၊ ရေဒီယို (၅၅) လုံး၊ တီဗွီ (၆၆) လုံး၊ ဂြိုလ်တုစလောင်း (၅၃) လုံး

စသည်တို့မှ ရရှိသည့်အပြင်ဖုန်းဖြင့် သတင်းနှင့်အချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးကွေးပါသည်။

၆။ ပညာရေး

တောင်ကြီးကျေးရွာပိုင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာ အင်္ဂမော်ကျေးရွာနှင့်တောင်ဖီလာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရာခိုင်နှုန်း အနည်းငယ် ရှိပါသည်။ကျေးရွာတွင် တစ်ရွာလုံးနီးပါး စာတတ်မြောက်မှု ရှိပါသည်။ ဘွဲ့ရသူဦးရေ (၃၄) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏ (၅၄.၅၆%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၂၇.၂၆%) ရှိပြီး၊ အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလများနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ များပြားလာသည်ဟု ဆိုနိုင်ပါသည်။ ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး မူကြိုကျောင်းဆောက်လုပ်ခြင်း လိုအပ်နေပါသည်။

တောင်ကြီးကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၂၅၉) ဦးရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

တောင်ကြီးကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ကျန်းမာရေးနှင့် ပတ်သက်၍ ရွာသူ/သားများသည် ကျေးရွာအတွင်း နေထိုင်သောကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါသည်။ ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနရှိပါသည်။ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေးများကိုစနစ်တကျ သိုလှောင်ထားခြင်းအားနည်းပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့်လူနာများသည် မြိတ်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါသည်။

တောင်ကြီးကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၁၄၀) တွင်းနှင့် အဝီစိတွင်း/စက်တပ် (၂) တွင်း ရှိပါသည်။ ကျေးရွာတွင် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်မှုရှိ ပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တောင်ကြီးကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တောင်ကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၄၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀၀)ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများကအမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် -အင်္ဂမော်			ကျေးရွာအမည် - တောင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ကျေးရွာပိုင် အစည်းအဝေးခန်းမတစ်ခု သတ်မှတ်ခြင်း/ ဆောက်လုပ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	စိုက်ပျိုးရေး	စက်ကိရိယာ	ပဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းခြင်း (သို့) အရစ်ကျ ဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်၊ မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	

ကျေးရွာအုပ်စုအမည် -အင်္ဂမော်			ကျေးရွာအမည် - တောင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁၃	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	
၁၄	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၅	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး အား အုတ်တံတိုင်းဖြင့် ကာရန်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း	
၂၀	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၁	အခြေခံအဆောက်အဦ	သောက်သုံးရေ	အိမ်သွယ်ရေတိုင်စနစ်ထူထောင်ရန်လိုအပ်ခြင်း။	
၂၃	အခြေခံအဆောက်အဦ	လမ်း၊ တံတား	ကျေးရွာပတ်လမ်းမြေသားလမ်းဖောက်လုပ်ခြင်း။	
	အခြေခံအဆောက်အဦ	လမ်း၊ တံတား	စာသင်ကျောင်းအဝင်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်ခြင်း	
	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး	

ကျေးရွာအုပ်စုအမည် -အင်္ဂမော်			ကျေးရွာအမည် - တောင်ကြီး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
			ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၂၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် စာကြည့်တိုက်အား စနစ်တကျ တည်ဆောက်ခြင်း။	
၂၇	လူငယ်နှင့်အားကစား	အားကစား	အား/ကာဠီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၂၈	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၉	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေးအတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း။	
၃၀	သယံဇာတနှင့်သဘာဝဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	- တောင်ကြီး
ကျေးရွာအုပ်စု	- အင်္ဂမော်
မြို့နယ်	- မြိတ်
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာပတ်လမ်းမြေသားလမ်းခင်းခြင်း (၄၈၀၀')

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာတွင်ရှိသောလက်ရှိလမ်းသည် မြေသားလမ်းဖြစ်ပြီးလူသွားလမ်းအဆင့်သာရှိ၍ လမ်းရေကျော်နေသဖြင့် မိုးရာသီတွင် ကျေးရွာသူ/သား များ၊ ရဟန်းရှင်လူကျောင်းသားလူငယ်များ သွားလာရ အခက်အခဲဖြစ်နေပါသည်။
- ကျေးရွာတွင်းလမ်းကျဉ်းမြောင်းနေခြင်းကြောင့် ကျေးရွာချင်းဆက်သွယ်ရာတွင် စီးပွားရေး၊ လူမှုရေးနှင့် ကိစ္စအဝဝတို့အတွက် တစ်နှစ်ပတ်လုံး သွားလာမှုခက်ခဲခြင်းများဖြစ်နေပါသည်။
- ကျေးရွာတွင် ကျန်းမာရေးအတွက် အရေးကြီး(အမြန်)သွားရောက်လိုလျှင် အခက်အခဲများဆုံးဖြစ်နေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- တစ်နှစ်ပတ်လုံးသွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့်ကျေးရွာ၏အခြေခံ အဆောက်အဦ ဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရန်၊
- ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာအတွင်းရှိနေထိုင်သူများ၏လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှုတိုးတက်ကောင်းမွန်လာမည်။
- သွားလာရေးအတွက်အချိန်ကုန်သက်သာခြင်းနှင့်ကုန်ကျစရိတ်သက်သာလာမည်။
- ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းတို့အတွက် အထောက်အကူဖြစ်စေမည့် အကျိုးကျေးဇူးများရရှိလာမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ကျေးရွာပတ်လမ်း (၄၈၀၀)ပေအား မြေသားလမ်းဖောက်လုပ်ခြင်း။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား) • ၁,၀၀၀,၀၀၀(ငွေသား) • ၅၀၀,၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၀၉	၃၆၅	၇၇၄	၂၀	၅၀	၅၀	၂၀	၁၄၀
အကျိုးခံစားမည့်သူ ဦးရေ	၄၀၉	၃၆၅	၇၇၄	၂၀	၅၀	၅၀	၂၀	၁၄၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
- ကျေးရွာသူ/သားများ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၀ ခုနှစ်၊ ဧပြီလ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀ ခုနှစ်၊ မတ်လ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာပတ်လမ်းမြေသားလမ်းလုပ်ငန်းအတွက် လိုအပ်သောအထောက်အကူ ပြုပစ္စည်းများအား ကျေးရွာမှ ထည့်ဝင်ပါမည်။
- လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။
- ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- ကျေးရွာပတ်လမ်းမြေသားလမ်းလုပ်ငန်းဆောင်ရွက်ပြီးပကပြုပြင်ထိန်းသိမ်းခြင်းကိုကျေးရွာရေပေးရေးကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူ ထိန်းသိမ်းသွားပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက် ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ	- တောင်ကြီး
ကျေးရွာအုပ်စု	- အင်္ဂမော်
မြို့နယ်	- မြိတ်
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - စာသင်ကျောင်းသွားလမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာတွင်ရှိသောလက်ရှိစာသင်ကျောင်းလမ်းအခြေအနေသည် မြေသားလမ်းဖြစ်ပြီးတောင်ကုန်းဖြစ်နေပါသဖြင့်ကျောင်းသား/သူများ သွားလာရ အခက်အခဲ ဖြစ်နေပါသည်။
- မြေသာလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် လမ်းချောခြင်း၊ ဗွက်ထခြင်းများဖြစ်ပေါ်နေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- တစ်နှစ်ပတ်လုံးသွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့်ကျေးရွာ၏အခြေခံ အဆောက်အဦ ဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရန်၊
- ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊
- ကျောင်းသား/သူများသွားလာရေးအဆင်ပြေလာစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာအတွင်းရှိနေထိုင်သူများ၏လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှု တိုးတက်ကောင်းမွန်လာမည်။
- သွားလာရေးအတွက်အချိန်ကုန်သက်သာခြင်းနှင့်ကုန်ကျစရိတ်သက်သာလာမည်။
- ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းတို့အတွက် အထောက်အကူဖြစ်စေမည့် အကျိုးကျေးဇူးများရရှိလာမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ကျေးရွာပတ်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း(၄၈၀၀)ပေ

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• ၂,၅၀၀,၀၀၀(ငွေသား)	• ကျေးရွာ
• ၂,၅၀၀,၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၀၉	၃၆၅	၇၇၄	၂၀	၅၀	၅၀	၂၀	၁၄၀
အကျိုးခံစားမည့်သူ ဦးရေ	၄၀၉	၃၆၅	၇၇၄	၂၀	၅၀	၅၀	၂၀	၁၄၀

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -
(၃) စီမံချက်ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • လိုအပ်သောအထောက်အကူ ပြုပစ္စည်းများအား ကျေးရွာမှ ထည့်ဝင်ပါမည်။ • လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ • ကွန်ကရစ်လမ်းဆောင်ရွက်ပြီးပါ လမ်းကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူ ထိန်းသိမ်းသွားပါမည်။ • စီမံကိန်းပြီးလျှင်ပြီးချင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက်ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ	- တောင်ကြီး
ကျေးရွာအုပ်စု	- အင်္ဂမော်
မြို့နယ်	- မြိတ်
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် -စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း။

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာတွင် စာသင်ကျောင်းဝင်းအတွင်းလုံခြုံမှုမရှိသဖြင့် လွတ်လပ်စွာ ပညာမသင်ယူရခြင်း၊မကစားရခြင်း၊ တိရစ္ဆာန်များဝင်ရောက်မှုရှိသည့်အတွက် ကျောင်းတွင် စိုက်ပျိုးထားသောအပင်များပျက်စီးနေခြင်းများဖြစ်နေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျောင်းဝင်းလုံခြုံမှုရှိသဖြင့် လွတ်လပ်စွာပညာသင်ယူရခြင်း၊ လွတ်လပ်စွာကစားရခြင်း
- ကျောင်းအဆောက်အဦ ပျက်စီးနိုင်မှုမှကာကွယ်နိုင်ခြင်း၊ ကျောင်းတွင် စိုက်ပျိုးထားသော အပင်များစိမ်းလန်းစိုပြေလာခြင်း

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျောင်းဝင်းလုံခြုံမှုရှိသဖြင့် ကျောင်းသား/သူများလွတ်လပ်စွာပညာသင်ကြားလာနိုင်မည်။
- လွတ်လပ်စွာကစားနိုင်မည်။ ကျောင်းဥယျာဉ်တွင် အပင်းများစိမ်းလန်းစိုပြေလာမည်။
- တိရစ္ဆာန်မှကျောင်းဝင်းအတွင်းဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

စာသင်ကျောင်းခြံစည်းရိုး ဆက်လက်ကာရံခြင်း (အလျား = ’အမြင့် = ၆’)

ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀၀၀၀၀(ငွေသား) • ၅၀၀,၀၀၀(ငွေသား) • ၁,၀၀၀,၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၀၉	၃၆၅	၇၇၄	၂၀	၅၀	၅၀	၂၀	၁၄၀
အကျိုးခံစားမည့်သူ ဦးရေ	၄၀၉	၃၆၅	၇၇၄	၂၀	၅၀	၅၀	၂၀	၁၄၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -
(၃) စီမံချက်ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • လိုအပ်သောအထောက်အကူ ပြုပစ္စည်းများအား ကျေးရွာမှ ထည့်ဝင်ပါမည်။ • လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ • ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ • လုပ်ငန်းများပြုလုပ်ပြီးပါကပြုပြင်ထိန်းသိမ်းခြင်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လမ်းကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်း သွားပါမည်။ • စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချက်အလက်ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

တောင်ကြီးကျေးရွာ၊အင်္ဂမော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးညွန့်ဝင်း	ဦးမောင်စိန်	ဖ/မအရ(နိုင်)၀၅၂၃၄	၅၃	ဥက္ကဋ္ဌ	၀၉၂၆၂၀၇၀၆၆၄
၂	ဦးယဉ်ချို	ဦးရွှေကျင်	ဖ/မအရ(နိုင်)၀၅၂၅၀၄	၅၁	အတွင်းရေးမှူး	၀၉၂၅၄၄၆၇၀၀၃
၃	နော်ဇာဝင်း	ဦးဝင်းနိုင်	ဖ/မမန(နိုင်)၁၆၈၉၄၅	၃၀	စာရင်းကိုင်	၀၉၄၅၅၃၃၈၄၆၃၃
၄	ဦးဘအေး	ဦးကြွက်	ဖ/မအရ(နိုင်)၀၅၂၅၃၃	၇၇	ဘဏ္ဍာရေးမှူး	၀၉၂၆၄၅၅၆၄၉၇၆
၅	ဒေါ်ထက်ထက်စိုး	ဦးမြင့်သောင်း	ဖ/မမန(နိုင်)၂၃၃၁၂၈	၁၉	အဖွဲ့ဝင်	၀၉၄၅၉၉၅၈၇၅၆၃
၆	ဦးအောင်ကို	ဦးဟုန်တင်	-	၅၃	အဖွဲ့ဝင်	၀၉၂၆၇၉၁၈၄၆၆
၇	ဒေါ်ဖြိုးဖြိုးဝေ	ဦးကျော်စိန်	ဖ/မမန(နိုင်)၆၉၁၁၅	၃၈	အဖွဲ့ဝင်	၀၉၄၄၆၈၅၄၇၀၆

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၂	၁၅	၂၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၆	၃၄	၆၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၇	၂၅	၇၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၀၂	၂၇၁	၅၇၃
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၉	၁၇	၃၆
စုစုပေါင်း		**၄၀၉**	**၃၆၅**	**၇၇၄**
စုစုပေါင်း အိမ်ထောင်စု		**၁၄၀**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၄၀)အိမ်ရှိပြီး လူဦးရေ စုစုပေါင်း(၇၇၄)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ်(၀.၇၇%)၊ ၅နှစ်အောက် ကလေးအရွယ် (၃.၄၅%)၊ မူလတန်းကျောင်းသားအရွယ် (၇.၇၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၃%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၄.၀၃%)နှင့် သက်ကြီးရွယ်ကြီး (၄.၆၅%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅.၅)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက် များပါသည်။ သို့ရာတွင် ကျေးရွာအတွင်းနေထိုင်သည့် သက်ကြီးရွယ်ကြီးလူဦးရေသည် (၃၆)ဦးရှိသည့်အတွက် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် ထိခိုက်သက်ရောက်မှု များသည့်အခြေအနေရှိသည့်အတွက် တုံ့ပြန်နိုင်စွမ်းအားကောင်းသော အဖွဲ့အစည်းများ ရှိသင့်ပါသည်။ သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသော ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၆၃	၁၂၄	၂၇	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၁	၂၀	၂	မြင့်□လတ်□နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၂၂၁	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၁၉	၂၁	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၇	၃၂	၇	မြင့်□လတ်☑နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၃	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၁၁	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၃	၅၂	၂၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သည့် အိမ်ထောင်စု(၃၁)အိမ်ရှိပါသည်။သစ်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၁) အိမ်ရှိပါသည်။ အခြားလုပ်ငန်းများဖြစ်သည့် အရောင်းအဝယ်ဖြင့် အိမ်ထောင်စု (၂)အိမ်နှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် လုပ်ကိုင်သည့်အိမ်ထောင်စု(၂၅)အိမ်ရှိပါသည်။ သက်ကြီးရွယ်ကြီး နေထိုင်သည့်အိမ်တို့တွင် အလုပ်လုပ်ကိုင်သည့်သူများသည့် နိုင်ငံခြားတွင် သွားရောက် လုပ်ကိုင်သူများဖြစ်ကြသည်။ ကျေးရွာတွင်ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သည့် လုပ်ငန်း(၅)မျိုး သာရှိပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၇၀၀၀	-	၅၀၀၀	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၃၀၀၀	၃၀၀၀	၂၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် အဓိကလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သည့် နေ့စားပုတ်ပြတ်အလုပ်လုပ်သူပိုမိုများပြားပါသည်။ တစ်ရက်လုပ်အားခ အများဆုံး အမျိုးသား(၅၀၀၀)ကျပ် နှင့် အမျိုးသမီးလုပ်အားခ(၄၀၀၀)ကျပ် ရရှိပြီး အနည်းဆုံးတစ်ရက်လုပ်အားခ အမျိုးသား(၄၀၀၀)ကျပ်နှင့် အမျိုးသမီးလုပ်အားခ(၃၀၀၀) ကျပ်ရရှိပါသည်။ ငါးလုပ်ငန်းဖြစ်သည့် ရေလုပ်ငန်းလုပ်ကိုင်သည့်အမျိုးသားများသည် အများဆုံး (၇၀၀၀) ကျပ်နှင့် အနည်းဆုံး (၅၀၀၀)ကျပ် ရရှိပါသည်။ ထုတ်ကုန်လုပ်ငန်းအဖြစ်လုပ်ကိုင်သည့် ဆန်စပါးရာသီပေါ်ချိန်တွင် တစ်ရက်လုပ်အားခ အများဆုံး အမျိုးသား(၈၀၀၀)၊ အမျိုးသမီး(၅၀၀၀)နှင့် တစ်ရက်လုပ်အားခအနည်းဆုံးအမျိုးသား(၆၀၀၀)၊ အမျိုးသမီး(၄၀၀၀)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင်လုပ်ကိုင်သည့် လက်သမား/ပန်းရံ လုပ်သားများသည် တစ်ရက်လုပ်အားခအမျိုးသားခေါင်းဆောင်အနေဖြင့် ကျပ်(၁၅၀၀၀)နှင့်သာမာန်လုပ်သား (၇၀၀၀)နှင့် အမျိုးသမီးအနေဖြင့် တစ်ရက်လုပ်အားခအများဆုံး(၅၀၀၀)၊ အနည်းဆုံး(၄၀၀၀) ရရှိပါသည်။ အရောင်းအဝယ်အနေဖြင့် တစ်နေ့လျှင် အမျိုသားအနေဖြင့် (၄၀၀၀,၃၀၀၀)ကျပ်နှင့် အမျိုးသမီးအနေဖြင့် (၃၀၀၀,၂၀၀၀)ကျပ်သာရရှိပါသည်။ ကျေးရွာတွင် အမျိုးသား/သမီး လုပ်အားခနှုန်းထားများကွာခြားမှုများရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၆၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၃	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၉၆	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၃၈၇**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ခနိတောမြေနှင့် များ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်တင့်ရှိပါသည်။ စိုက်ပျိုးမြေအများစုတွင် ပိုးမွှားရောဂါခြင်းမြေဆီလွှာပျက်စီးခြင်းများ ရှိပါသည်။ စိုက်ပျိုးရေးနည်းစနစ်များမရှိသည့်အတွက်

သီးနှံထွက်နှုန်းနည်းပါးခြင်းများ ကြုံတွေ့နေရသောကြောင့် စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်)နှင့် ကျောက်၊သဲ၊ကျောက်စရစ်စသည်များ ထွက်ရှိမှုမရှိသည့် အတွက် အခြားကျေးရွာများမှဝယ်ယူသုံးစွဲနေရပါသည်။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များမှာ ကျေးရွာတွင် ထွက်ရှိမှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၅၀	၅၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၂၀)အိမ်သည် အဆင်ပြေသည့်အိမ်ရှိပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၅၀)အိမ်နှင့် မပြေလည်သော အိမ်ထောင်စုမှာ(၅၀)အိမ်ရှိပါသည်။ အလွန်မပြေလည်သောအိမ်ထောင်စုမှာ(၂၀)အိမ်ရှိပါသည်။ တစ်ရွာလုံးအနေဖြင့် ခြုံငုံကြည့်ရလျှင် ကျေးရွာသည် အဆင်ပြေသည့် ကျေးရွာတွင်ပါဝင်ပါသည်။ ထိုကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်အားနှင့်ပစ္စည်များအလှူထည့်ဝင်နိုင်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၂၁	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂၁_____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် အိမ်ထောင်စု(၂၁)အိမ်သည် ဝမ်းစာဖူလုံမှုအတွက် ချေးငွေယူ၍ မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေအတွက် အခြားအစာပြောင်းလဲစားသောက်ရသည့်အခြေအနေမျိုးမကြုံတွေ့ရပါ။ အခက်အခဲပေါ်ပေါက်လာ ပါက ဆွေမျိုး/မိတ်ဆွတို့ထံမှ ချေးငွေယူ၍ ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို နှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များမရှိသဖြင့် ထိခိုက်သက်ရောက်မှုအခြေအနေ နည်းပါးပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်နှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု များမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မုန်တိုင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ငလျင်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မီးဘေး	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ကြီးကျေးရွာတွင်သဘာဝအရင်းအမြစ်ရှားပါးမှု၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှု

ကူးစက်ရောဂါ ၊ ပြည်တွင်းပဋိပက္ခ၊ လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း စသည်တို့မှာ မရှိပါ။ သို့ရာတွင် စိုက်ပျိုးမြေများသို့ မြေဆီလွှာပျက်စီးခြင်း တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများ အနည်းငယ်ရှိသည့်အတွက် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့်နည်းပညာပေးသင်တန်းဖွင့်လှစ်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူများ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အတွက် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အခြေအနေမျိုး တွင်ရှိပြီး မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊ အသက် မွေးမှုနည်းပညာနည်းပါးခြင်းတို့ကြောင့် အများစုမှာ ပြည်ပနိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်သူ များပြားပါသည်။ ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့်☑ ညံ့ ☐
၂	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မိန်းမကြီး	၁☐ ၂☑ ၃☐	-	၂၀	၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကာလသား/သမီး	၁☐ ၂☑ ၃☐	၃၀	၃၃	၆၃	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂☑ ၃☐	၅	-	၅	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ဓမ္မစကြာအဖွဲ့	၁☐ ၂☐ ၃☑		၂၀	၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ကျောင်းကျန်းမာရေးအဖွဲ့	၁☐ ၂☑ ၃☐	၅	၄	၉	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် အုပ်ချုပ်မှု စီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့တစ်ဖွဲ့ချင်းသည် စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါသည်။ ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ ကျောင်းကျန်းမာရေးအဖွဲ့ စသည်တို့သည် ကျေးရွာ၏သာရေး၊နာရေးနှင့်အခြားသောပရဟိတ လုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Vision Fund	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	Korea Hanar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the

Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ တောင်ကြီးကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် Vision Fund,Korea Hanarစသည့်အဖွဲ့အစည်းများသည် ကျေးရွာ၏ငွေကြေးကဏ္ဍ ဖွံ့ဖြိုးလာစေရေးအတွက် ဝိုင်းဝန်းထောက်ပံ့ကူညီပေးနေကြပါသည်။ သို့ရာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ကျန်ရှိသည့် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းသည့်အတွက် အစိုးရမဟုတ်သော ပြင်ပ အဖွဲ့အစည်းများ၏ထောက်ပံ့မှုများလိုအပ်လျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၄၀**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် မြေယာပိုင်ဆိုင်သူသည် စုစုပေါင်းအိမ်ထောင်စု၏ (၁၂၅)အိမ်ခန့်ရှိပြီး ကျေးရွာအတွင်း၌သာဝမ်းစာဖူလုံရုံမျှရှိပြီး ဈေးကွက်သို့ အနည်းငယ်သာ တင်ပို့ရောင်းချနိုင်ပါသည်။ ဒေသထွက်အနေဖြင့် ဓနိတောမြေများရှိသဖြင့် ဓနိဖက် ရောင်းချမှု လည်းရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ □	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် အစိုရနှင့် ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၅၀	တင်း	၁၅	၂၀	၁၈	ဇွန်	ဇူလိုင်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
ကွမ်းသီး	၁၃	ပိသာ	၂၀၀	၃၀၀	၁၅၀	ဇွန်	ဇူလိုင်	မြင့်□လတ်□နိမ့်☑	မြင့်☑လတ်□နိမ့်□
သီဟိုဠ်	၁၀	ပိသာ	၂၀၀	၃၀၀	၁၅၀	ဇွန်	ဇူလိုင်	မြင့်□လတ်□နိမ့်☑	မြင့်☑လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် စပါးကိုအဓိကထားစိုက်ပျိုးကြပါသည်။

ကွမ်းသီးနှင့် သီဟိုဠ်သီးစိုက်ပျိုးထားမှုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးမြေအရင်းအမြစ်ရှားပါးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ နည်းပါးခြင်း၊ စိုက်ပျိုးရေးအသိပညာအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း နည်းပါးခြင်း တို့ဖြစ်ပေါ်နေပါသည်။ ပိုးမွှားရောဂါကျရောက်မှု အသင့်အတင့်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများဖွင့်လှစ်ပို့ချပေးရန်လိုအပ်လျက်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၅	-	-	၈
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	၂
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၂	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးစက်ကိရိယာများပိုင်ဆိုင်မှု နည်းသည့်အတွက် လယ်လုပ်ချိန်တွင် စိုက်ပျိုးချိန်နှင့် တပြေးညီမပြီးစီးသည့်အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။လယ်ယာသုံးစက်ကိရိယာများအရစ်ကျ ဝယ်ယူနိုင်ရန်အတွက် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်နေပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐သီးနှံများကို ရောင်းချနိုင်သည်☑မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မိုးရေကိုသာ အဓိကအားထားရပြီးလက်ရှိရှိနေသောလယ်ယာမြေအသုံးချနိုင်မှု အသင့်အတင့်အခြေအနေတွင် ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် ပိုးမွှားရောဂါကျရောက်ခြင်း၊သီးနှံအထွက်နှုန်းနည်းခြင်း စိုက်ပျိုးမြေမတိုးချဲ့ နိုင်ခြင်းများ ရှိနေပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
အခြား ဓာတုဗေဒ သွင်းအားစုများ	
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ ☑
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် နည်းပညာဗဟုသုတအားနည်းခြင်း၊ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ လုပ်သားအလွယ်တကူ မရရှိခြင်းစသည်တို့ ရှိနေပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျတ်ပိုးနှင့် ခရုဖျတ်ပိုးအနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိနေပါသည်။ လယ်ယာမြေများတွင် အထွက်နှုန်း နည်းပါးပြီး နည်းပညာအသုံးချမှု အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသုံးချလာစေရန် တိုက်တွန်းပညာပေးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသောထုတ်ကုန်များ ရရှိလာနိုင်မည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၉	၃၇
နို့စားနွား	-	-
ကျွဲ	၅	၁၀
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၃၆	၁၂၇
ကြက်	၁၀၉	၁၈၀၄

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ဘဲ	၅၂	၃၈၇
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် စီးပွားဖြစ်မွေးမြူသည့်အိမ်ထောင်စု အနည်းအကျဉ်းသာရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့်အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ အဓိကအနေဖြင့် ဝက်ကိုမွေးမြူကြပါသည်။ ကြက်၊ ကျွဲ၊ နွားများလည်းအနည်းငယ်မွေးမြူကြပါသည်။ ကူးစက်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများနှင့် ရောဂါကာကွယ်နည်းဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးပါက စီးပွားဖြစ် မွေးမြူရေးလုပ်ဆောင်နိုင်ကြပါမည်။ ရေလုပ်ငန်းအနေဖြင့် ငါး/ပုစွန် ဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စုသာရှိပြီး မွေးမြူသည့်အိမ်ထောင်စုမရှိပါ။ နည်းပညာပေးသင်တန်း၊ ဈေးကွက်နှင့်ချိတ်ဆက်နိုင်မည့်အခွင့်အလမ်းများလိုအပ်လျက်ရှိပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ☑
ရေရရှိမှု	အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☑ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☑ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည် ☑ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☑ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့် လွယ်ကူသည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် မွေးမြူရေး အတွက်ရေအလုံအလောက်ရှိပြီး စားကျက်မြေမရှိပါ။ မြို့နှင့် မနီးမဝေးတွင်ရှိသည့်အတွက် ထုတ်ကုန်များကို စျေးနှုန်း မှန်ကန်စွာဖြင့်ရောင်းချနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မျိုးတိရစ္ဆာန်၊ မွေးမြူရေးအစာ၊ ဆေးများကို အလွယ်တကူရရှိနိုင်ပါသည်။မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာ ဗဟုသုတအားနည်းသဖြင့် နည်းပညာဝန်ဆောင်မှုများနှင့် သင်တန်းများပြုလုပ်နိုင်ရန် ချိတ်ဆက်လုပ်ဆောင်ပါက ပိုမိုကျစ်းပွားဖြစ်မွေးမြူ နိုင်ကြမည်ဖြစ်ပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☑ မဖြေဆိုပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်မျ ားရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
ရေရရှိမှု	ရေ ရှားပါးသည် ☐ ရေ လုံလောက်မှုမရှိပါ ☐ မဖြေဆိုပါ ☑
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐ မျိုးကောင်းတိရစ္ဆာန်များ လုံလောက်စွာ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☑
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☐ ချေးငွေ လုံလောက်စွာ မရပါ ☐ မဖြေဆိုပါ ☑
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေး စသည်) ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐ သွင်းအားစုများ လုံလောက်စွာ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်မရှိပါ ☐ လုံလောက် မရှိပါ ☐ မဖြေဆိုပါ ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား	ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☑ လုံလောက် ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံလောက် ချေးငွေမရပါ ☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☑ သွင်းအားစုများ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
နည်းပညာ အကူ အညီနှင့် နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို လုံလောက် မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☑
ငါးဖမ်းခွင့် ရရှိနိုင်မှု	မလွယ်ကူပါ ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် စီးပွားဖြစ်မွေးမြူနိုင်ရန်အတွက် တိရစ္ဆာန်များကျက်စာရန်မြေနေရာအလုံအလောက်မရှိခြင်း၊ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများနည်းပါးသဖြင့် ရာသီ ကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်မည်ဆိုပါက

မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ အသိပညာများလိုအပ်နေပါသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐
လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း	ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက် အသင့်အတင့် ☑မဖြေဆိုပါ ☐
ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့် နားလည်သည် ☑ မဖြေဆိုပါ ☐
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ကောင်း ☑ သင့် ☐ မဖြေဆိုပါ ☐
ကုန်ကြမ်း ရရှိနိုင်ခြင်း	ပေါများ ☐ သင့် ☑ မဖြေဆိုပါ ☐
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ကောင်း ☐ သင့် ☑ မဖြေဆိုပါ ☐
ချေးငွေ ရရှိနိုင်ခြင်း	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☑မဖြေဆိုပါ☐
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း	နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑
အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑
အလုပ်အကိုင် အခွင့်အလမ်း	များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းများအတွက် လုပ်သားအင်အားရရှိနိုင်မှု၊ ကုန်ကြမ်းရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ထွက်ကုန်များကို ရောင်းချနိုင်ရန် ဈေးကွက်အသင့်အတင့်ရှိသည့် အားသာချက်များရှိနေပါသည်။

(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ **ရှင်းလင်းချက်**(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	ရှားပါး ☐ လုံလောက်မှု ☐ မဖြေဆိုပါ ☑
လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း	ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☐ မဖြေဆိုပါ ☑
ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း	ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☐ လုံလောက် နားမလည် ☐ မဖြေဆိုပါ ☑
လမ်းပန်းဆက်သွယ်ရေးအခြေအနေ	ညံ့ ☐ အလွန်ညံ့ ☐ မဖြေဆိုပါ ☑
ကုန်ကြမ်း ရရှိနိုင်ခြင်း	ကုန်ကြမ်းရရှိမှု နည်းသည် ☐ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☑
လျှပ်စစ်မီး ရရှိနိုင်ခြင်း	ပုံမှန်မရပါ ☑ လုံလောက် မရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ ရရှိနိုင်ခြင်း	လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☐ ချေးငွေမရပါ ☐ မဖြေဆိုပါ ☑
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း	နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံလောက် မရပါ ☑ မဖြေဆိုပါ ☐
အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ☑ လုံလောက် မတတ် ☐ မဖြေဆိုပါ ☐
အလုပ်အကိုင် အခွင့်အလမ်း	အလုပ်အကိုင်အခွင့်အလမ်းနည်း ☑ အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် နေထိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းသည့်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများလိုအပ်ခြင်း၊ အရင်းအနှီးများလိုအပ်ခြင်း၊ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသည့်အတွက် လုံခြုံရေး၊ ပညာရေးစသည့် လူမှုရေးကိစ္စများတွင် နှောက်နှေးနေပါသည်။

(ဂ) ရွှေပြောင်းလုပ်သားများ

(ဂ-၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	"ရွှေပြောင်းသွားလာ နေထိုင်သူ"တစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စုနှင့်လူဦးရေ	၄၆	၄၀	၈	၄၈	၁၇	၄	၂၁	၅၇	၁၂	၆၉
၂	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	၁၁	-	၁၁	-	-	-	၁၁	-	၁၁	
	၆ လ အထိ	၁	-	၁	-	-	-	၁	-	၁	
	၁၂ လ အထိ	-	-	-	-	-	-	-	-	-	
	၁၂ လ အထက်	၂၈	၈	၃၆	၁၇	၄	၂၁	၄၅	၁၂	၅၇	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

မှတ်ချက်။ ။ရွှေပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ်တစ်ကြေးသို့ဖြစ်စေ ရွှေပြောင်းသွားလာနေထိုင်သူတိုင်းကို **"ရွှေပြောင်းသွားလာနေထိုင်သူ"** ဟု သတ်မှတ်သည်။ ယခင်က ရွှေပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည်အခြေချနေထိုင်လျက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီသွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် ဆင်းရဲသည့်အိမ်ထောင်စုအများစုသည် ပြည်ပ နိုင်ငံတွင် သွားရောင်လုပ်ကိုင်သူဦးရေ(၂၁)ဦး၊ ပြည်တွင်းအခြားမြို့များသို့ သွားရောက် လုပ်ကိုင်သူဦးရေ(၄၈)ဦး ရှိပါသည်။ ထိုအိမ်ထောင်စုများသည် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် သွားရောက်လုပ်ကိုင်ကြရခြင်းဖြစ်ပါသည်။

(၈-၂)ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းရင်း	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၆၉
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health)	-
၅	အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ဖြေဆိုလိုခြင်းမရှိ	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် ပြည်ပနှင့် ပြည်တွင်းဌာနအခြားမြို့များသို့ သွားရောက်လုပ်ကိုင်သူအများစုသည် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများရှာဖွေရန် အတွက်သွားရောက်လုပ်ကိုင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

(ဂ-၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်			
		စုစုပေါင်း	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၄၆	၃၈	၅	၃
၂	ပြန်ပို့ငွေ လမ်းကြောင်းများ				
	- က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)				
	- ခ။ ဘဏ်	၄၆			
	- ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း				
	- ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှနည်းလမ်းနှစ်မျိုးကို အသုံးပြု၍			☒	
	- င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများမှ ဝင်ငွေကို အကုန်လုံးမှီခိုနေရသည့် အိမ်ထောင်စု(၃၈)စု၊အလယ်အလတ်အဆင့် အဖြစ် အားထားမှီခိုရသည့် မိသားစု(၅)စု နှင့် အနိမ့်အဆင့်ကို မှီခိုနေရသည့်အိမ်ထောင်စု(၃)စု ရှိပါသည်။

(ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	မရှိပါ။	ဆိပ်ငယ်ဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☑ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင် အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခုနှင့်အထ	စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည်☐	စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☑

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
က်ရွေးနိုင်သည်။)	ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐	အဝတ်အထည်☑ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☑
ဈေးအခြေခံအဆောက်အဦ	ကောင်း☐ သင့်☐ ညံ့☐	ကောင်း☐ သင့်☑ ညံ့☐
ဝန်ဆောင်မှု	ကောင်း☐ သင့်☐ ညံ့☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် အနီးဆုံးဈေးမရှိပါ။ ကျေးရွာတွင် ဈေးဆိုင်ကယ်၊ ဈေးကားများရွာစဉ်ပတ်ပြီး လိုက်လံရောင်းချရာမှ ဝယ်ယူသုံးစွဲကြရပါသည်။ စားသောက်ကုန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို မြိတ်မြို့တွင်ရှိသည့် ဆိပ်ငယ်ဈေးနှင့် ရှမ်းချောင်းကုန်းစိမ်းဈေးတို့တွင် လိုအပ်သော ကုန်စည်၊လိုအပ်သော အသုံး အဆောင်ပစ္စည်းများကို ဝယ်ယူကြပါသည်။

(c) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲ များ
အစိုးရဘဏ်(မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်)	ကာလတိုချေးငွေ☐ ကာလလတ်ချေးငွေ☑ ကာလရှည်ချေးငွေ☐	၃–၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ☑ တစ်နှစ်နှင့် အထက်☐	အတိုးမဲ့ ☐ ၀.၁ မှ ၂ % ☑ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀% ထက်☐	လိုအပ်သည်☑ မလိုအပ်ပါ ☐	နည်းသည်☑ ရှိသည် ☐ မရှိပါ ☐
သမဝါယမချေးငွေ	ကာလတိုချေးငွေ☐ ကာလလတ်ချေးငွေ☑ ကာလရှည်ချေးငွေ☐	၃–၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ☑ တစ်နှစ်နှင့် အထက်☐	အတိုးမဲ့ ☐ ၀.၁ မှ ၂ % ☑ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀% ထက်☐	လိုအပ်သည် ☐ မလိုအပ်ပါ ☑	နည်းသည်☑ ရှိသည် ☐ မရှိပါ ☐
ပုဂ္ဂလိကဘဏ်	ကာလတိုချေးငွေ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐	၃–၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ☐ တစ်နှစ်နှင့် အထက်☐	အတိုးမဲ့ ☐ ၀.၁ မှ ၂ % ☐ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀% ထက်☐	လိုအပ်သည် ☐ မလိုအပ်ပါ ☐	နည်းသည် ☐ ရှိသည် ☐ မရှိပါ ☐
ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုက ဏ္ဍ	ကာလတိုချေးငွေ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐	၃–၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ☐ တစ်နှစ်နှင့် အထက်☐	အတိုးမဲ့ ☐ ၀.၁ မှ ၂ % ☐ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀% ထက်☐	လိုအပ်သည် ☐ မလိုအပ်ပါ ☐	နည်းသည် ☐ ရှိသည် ☐ မရှိပါ ☐
အဖွဲ့အလိုက်ငွေစု/ ငွေချေး အစီအစဉ်	ကာလတိုချေးငွေ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐	၃–၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ☐ တစ်နှစ်နှင့် အထက်☐	အတိုးမဲ့ ☐ ၀.၁ မှ ၂ % ☐ ၂ မှ ၅% ☐	လိုအပ်သည် ☐ မလိုအပ်ပါ ☐	နည်းသည် ☐ ရှိသည် ☐ မရှိပါ ☐

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲ များ
			၅ မှ ၁၀ % □ ၁၀% ထက်□		
ငွေချေးပေးသူ	ကာလတိုချေးငွေ☑ ကာလလတ်ချေးငွေ□ ကာလရှည်ချေးငွေ□	နေ့စဉ်□ လစဉ်☑ ၃–၆ လအတွင်း□ ၆လမှ တစ်နှစ်ထိ□ တစ်နှစ်နှင့် အထက်□	အတိုးမဲ့ □ ၀.၁ မှ ၂ % □ ၂ မှ ၅% □ ၅ မှ ၁၀ % ☑ ၁၀% ထက်□	လိုအပ်သည် □ မလိုအပ်ပါ ☑	နည်းသည်☑ ရှိသည် □ မရှိပါ □
အပေါင်ဆိုင်	ကာလတိုချေးငွေ□ ကာလလတ်ချေးငွေ□ ကာလရှည်ချေးငွေ□	နေ့စဉ်□ လစဉ်□ ၃–၆ လအတွင်း□ ၆လမှ တစ်နှစ်ထိ□ တစ်နှစ်နှင့် အထက်□	အတိုးမဲ့ □ ၀.၁ မှ ၂ % □ ၂ မှ ၅% □ ၅ မှ ၁၀ % □ ၁၀% ထက်□	လိုအပ်သည် □ မလိုအပ်ပါ □	နည်းသည် □ ရှိသည် □ မရှိပါ □
မိတ်ဆွေနှင့်ဆွေမျိုးများ	ကာလတိုချေးငွေ☑ ကာလလတ်ချေးငွေ□ ကာလရှည်ချေးငွေ□	နေ့စဉ်□ လစဉ်☑ ၃–၆ လအတွင်း□ ၆လမှ တစ်နှစ်ထိ□ တစ်နှစ်နှင့် အထက်□	အတိုးမဲ့ □ ၀.၁ မှ ၂ % □ ၂ မှ ၅% ☑ ၅ မှ ၁၀ % □ ၁၀% ထက်□	လိုအပ်သည် □ မလိုအပ်ပါ ☑	နည်းသည်☑ ရှိသည် □ မရှိပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ **ကာလလတ်ချေးငွေ** ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ</u>၊**ကာလရှည်ချေးငွေ**ဆိုသည်မှာ ၅ နှစ်မှ ၁၀ နှစ် အထိဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။တောင်ကြီးကျေးရွာတွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်နှင့် သမဝါ ယမချေးငွေမှ ကာလတိုချေးငွေများရရှိပါသည်။ ထို့အပြင် ပြင်ပအဖွဲ့အစည်းများဖြစ်သည့် Vision Fund , Korea Hanar တို့မှလည်းကာလတိုချေးငွေကို ၂.၅%အတိုးနှုန်းဖြင့် ချေးငွေရရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် စီးပွားရေး အဆင်မပြေသည့်အတွက် ချေးငွေပြန်ဆပ်မည့်အချိန်ကာလတွင် အခက်အခဲများရှိနေပါသည်။ ထို့ကြောင့် ကာလရှည် ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ချေးပေးမည်ဆိုပါက အဆင်ပြေ မည်ဖြစ်ပါသည်။

(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

(စ-၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု		
မြေဆီသြဇာ အခြေအနေ	မြင့်□	လတ်☑	နိမ့်□

အခက်အခဲ	အန္တရာယ်ရှိမှု		
အပင်မျိုးစိတ်များ	မြင့်☐	လတ်☑	နိမ့်☐
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်☐	လတ်☑	နိမ့်☐
ရေအရင်းအမြစ်	မြင့်☐	လတ်☐	နိမ့်☑
ငါးမျိုးကွဲများ	မြင့်☐	လတ်☐	နိမ့်☑
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်☐	လတ်☐	နိမ့်☑
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်☑	လတ်☐	နိမ့်☐

